မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရတ် ဟူစိန် အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာနှင့် စက္ကော့ကျေးရွာကြား သံလမ်းလုပ်သားများ သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာနှင့် စက္ကော့ကျေးရွာကြား သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်(ဘဲဂရက်)-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ညောင်တုန်း - ဆားမလောက် - လှိုင်သာယာလမ်းပိုင်းရှိ ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာနှင့် စက္ကော့ကျေးရွာကြား ကားလမ်းနှင့် ရထားလမ်းဖြတ်သန်းသည့်နေရာ၌ သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရှမ်းစုကျေးရွာအနီးရှိ အရှည် ၅၄၆ ပေရှိ ထိပ်ဝကြီးအင်းတံတား ရေလယ်တိုင်အမှတ် (၄) နှင့် (၅)တို့ ဆောင်ရွက်ပြီးစီးမှု၊ ကမ်းကပ်ခုံ တည်ဆောက်ပြီးစီးမှုနှင့် ထိပ်ဝကြီးအင်းတံတားအတွက် အရှည်ပေ ၉၀ ကြိုတင်အားဖြည့် ကွန်ကရစ်တံတား သံပေါင်များ ထုတ်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ညောင်တုန်း - လှိုင်သာယာလမ်းပိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ထိပ်ဝကြီးအင်းတံတား တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

သံလမ်းအကြမ်းခင်း

ယင်းမှတစ်ဆင့် ဟင်္သာတ-ညောင်တုန်းရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ဇလွန်-စက္ကော့-ညောင်တုန်း ရထားလမ်းပိုင်းရှိ ညောင်တုန်းမြို့နယ် စက္ကော့ကျေးရွာအနီး စက္ကော့ဘူတာသို့ရောက်ရှိပြီး ဘူတာတည်ဆောက်နေမှုနှင့် ဘူတာယာဒ်ဝင်းတွင် သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၄ ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးထားထိန်းသိမ်း

မြန်မာ့သမိုင်းကြောင်းကို ခေတ်စဉ်အတိုင်းလေ့လာကြည့်လျှင် မြန်မာလူမျိုးများသည် မြန်မာ့မြေပေါ်၌ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များသည်လည်း သမိုင်းကာလရှည်လျား တန်ဖိုးကြီးမားစွာ တည်ရှိနေခဲ့ကြောင်း ဖော်ထုတ်ရရှိသောသုတေသနပြု သမိုင်းအထောက်အထားများက သက်သေပြုလျက်ရှိသည်။

လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည်မှစပြီး ယဉ်ကျေးမှုနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်သည်။ မြေပေါ်မြေအောက် ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာ့ယဉ်ကျေးမှု မြင့်မားမှုကို ဖော်ညွှန်းလျက်ရှိသည်။

''နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှု'' ဆောင်ပုဒ်နှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၊ အဆောက်အအုံများသည် အချိန်ကာလကြာမြင့်လာသည်နှင့် ယိုယွင်းပျက်စီးဆုံးရှုံးနိုင်သဖြင့် ရှာဖွေဖော်ထုတ် ထိန်းသိမ်းလျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ အထောက်အထားများကို ယဉ်ကျေးမှုပြတိုက်၊ ရှေးဟောင်းသုတေသနပြတိုက်များ၌လည်း ထိန်းသိမ်းထားရှိထားရာ အဆိုပါပစ္စည်းများသည် မြန်မာလူမျိုးတို့၏ အစဉ်အလာကြီးမားခဲ့သော ဇာတိဂုဏ်အဆင့်အတန်းမြင့်မားမှု၊ နိုင်ငံနှင့်လူမျိုး၏ စွမ်းဆောင်အောင်မြင်မှုများကို ဖော်ပြလျက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေတူးဖော်လျက်ရှိရာ၌ မူလလက်ရာ မပျက်စီး မထိခိုက်ရန် စနစ်တကျတူးဖော်ခြင်း၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် မပျက်စီးရန် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊ အင်ဂျင်နီယာပညာရပ်ဖြင့် ထိန်းသိမ်းခြင်းအပြင် ခေတ်မီဓာတုဗေဒပစ္စည်းများဖြင့်လည်း ထိန်းသိမ်းရမည့် လက်ရာများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ အဆောက်အအုံများကို နိုင်ငံတော်အစိုးရက နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝရေပြင်နှင့်ပေါင်းစည်းလယ်ယာအတွင်း ငါးမျိုးစိုက်ထည့်

လပွတ္တာ ဇူလိုင် ၃

လပွတ္တာခရိုင် လပွတ္တာမြို့နယ်(၂)မိုင်အထွက်တိုးစခန်း မြို့အဝင်စံပြစိုက်ခင်း၌ သဘာဝရေပြင်နှင့်ပေါင်းစည်းလယ်ယာအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၇ နာရီကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံ တောင်သူများက ငါးခုံးမငါးသန် ၁၈၀၀၀၀၊ ငါးမြစ်ချင်း၊ ငါးမုံ့ကြီး ၁၀၀၀၀၀၊ တီလားပီးယားငါးသန် ၉၅၀၀တို့ကို သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ကြသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် လယ်သမားကြီး ဦးဌေး၏ ပေါင်းစည်းလယ်ယာငါးကန် ၀ ဒသမ ၂၅ ဧကတွင် ငါးခုံးမငါးသန် ၂၅၀၀နှင့် တီလားပီးယားငါးသန် ၅၀၀တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

လှည်းကူးမြို့နယ်အတွင်း ကျွန်းစိုက်ခင်းများ စိုက်ပျိုး

လှည်းကူး ဇူလိုင် ၃

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀ကို မဟူရာကြိုးဝိုင်း အကွက်အမှတ်(၆၁)၌ စိုက်ပျိုးလျက်ရှိရာ သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့ ဇွန်၂၇ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)** ယခုအခါ အဆိုပါစိုက်ခင်းများသည် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်သဖြင့် ပေါင်းသင်ရှင်းလင်းခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဧက ၂၀၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲများ သာယာဝတီမြို့၌ ကျင်းပ

သာယာဝတီ ဇူလိုင် ၃

သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ငါးမျိုးမပြုန်းတီးစေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေး ပညာပေးဟောပြောပွဲများကို သာယာဝတီမြို့နယ် ဘီးလင်းကျေးရွာအုပ်စုနှင့် အသရော်ကျေးရွာအုပ်စုတို့တွင် ဇွန် ၂ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြော

ဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးမဖမ်းဆီးရေး၊ တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေးတို့ကို ဟောပြောပြီး တက်ရောက်လာသော ဒေသခံပြည်သူများနှင့် ရေလုပ်သားများက သိလိုသည်များကိုမေးမြန်းကြသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန၏ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၃

တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် ခေတ်မြန်မာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ၂၀၁၀-၂၀၁၁ကို ဇွန် ၂၆ ရက်က ဟေမဝန်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ဖြူတို့က အမှာစကားပြောကြားကြသည်။

ခွဲဝေပေး

ထို့နောက် ရပ်ကွက်သမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးချို က ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာကြသော အသင်းသူ အသင်းသားများအား အစုရှယ်ယာ အကျိုးအမြတ်များ ခွဲဝေပေးခဲ့ကြောင်း သိရှိရသည်။ (၀၂၃)

ဥတုရာသီ တောက်ပို့မှီ၏

သထုံအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

သထုံမြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းပွဲကို ဇူလိုင်၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ မဟာဝိဇယကုန်းမြေရှိ သထုံမြို့နယ်အသင်း ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်တိုင်း တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးစန်းလွင် ဖုန်း-၅၇၈၇၁၇၊ ဦးတင်အောင်ညွန့် ဖုန်း-၆၄၁၆၄၆၊ ဦးမြင့်သိန်း ဖုန်း-၅၅၄၁၀၀ လိုင်းခွဲ-၂၉၃၊ ဒေါ်ချိုချို ဖုန်း-၅၁၀၁၇၅ နှင့် အမှုဆောင်များထံသို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သက်တမ်းလွန် စားသောက်ကုန်များ စစ်ဆေး

မြောင် ဇူလိုင် ၃

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ကုန်စုံဆိုင်များတွင် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ မရှိကို ဇွန် ၉ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဟင်္သာတမြို့နယ် မြို့နယ်ပန်းခြံအဝိုင်း စတီးလ်လက်ရန်းကာရံခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ပိုးပိုးမာနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများဘဝ လုပရေးကြိုးပမ်းရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို ထမ်းဆောင် အနာဂတ်မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ပြုစုပျိုးထောင်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ကျောင်းသူ မခိုင်ခိုင်လွင်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဟူသော မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ ဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်နှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များ၊ ထူးချွန်ဆုရရှိကြသူများ၊ နေပြည်တော် ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ အမျိုးသားယဉ်ကျေးမှု စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရာ၌လည်း စံနမူနာယူဖွယ်ကောင်းသည့် ထူးခြားသော ယဉ်ကျေးမှုစရိုက်ကို ပိုင်ဆိုင်ကြသူများပင်ဖြစ်ကြကြောင်း၊ ထို့အပြင် အများအကျိုးသယ်ပိုးရာ၌ဖြစ်စေ၊ မိသားစုတာဝန်ထမ်းဆောင်ရာ၌ဖြစ်စေ ကျေပွန်စွာ ထမ်းဆောင်နိုင်သောသူများ ဖြစ်ကြသကဲ့သို့ မည်သို့သော အခက်အခဲ အခြေအနေမျိုးကိုမဆို အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ဇွဲသတ္တိ၊ ဝီရိယရှိရှိ ရင်ဆိုင်ကာ ရဲရင့်ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သူများလည်း ဖြစ်ပါကြောင်း။

ရှေ့တန်းကပါဝင်

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ ပညာရေး၊ စာပေအနုပညာစသည့် ကဏ္ဍအသီးသီး၌လည်း စံပြုမော်ကွန်းတင်ခံရသည့် မြန်မာအမျိုးသမီးအမြောက်အမြား ပေါ်ထွန်းခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း မြန်မာအမျိုးသမီးများသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ စသည့်ကဏ္ဍအသီးသီး၌ အောင်မြင်မှုရရှိသာမက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ ရှေ့တန်းက ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီးများ ညီလာခံက ချမှတ်ခဲ့သည့် ဘေဂျင်းကြေညာစာတမ်းနှင့် အညီ ဆောင်ရွက်ရန်နှင့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီးဘဝ ပိုမိုဖွံ့ဖြိုးလာစေရေးကို ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဤဇူလိုင် ၃ ရက်ကို **မြန်မာအမျိုးသမီးများနေ့** အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် **မြန်မာအမျိုးသမီးများနေ့** အခမ်းအနားကြီးသည် အမျိုးသမီးများ၏ လေးစားဂုဏ်ယူထိုက်သည့် ထူးချွန်ထက်မြက်သည့် ဂုဏ်ဒြပ်များ၊ ကောင်းမြတ်သည့် ဂုဏ်ရည်များကို ဖော်ညွှန်းဂုဏ်ပြုထားသဖြင့် လေးနက်ပြီးအနှစ်သာရရှိသည့် "မြန်မာအမျိုးသမီးများနေ့"အခမ်းအနားကြီးဖြစ်ပါကြောင်း ဂုဏ်ယူပြောကြားလိုပါကြောင်း။

ယနေ့ **မြန်မာအမျိုးသမီးများနေ့** တွင် စာပေ၊ အနုပညာ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ကြက်ခြေနီ၊ မီးသတ်၊ ရဲတပ်ဖွဲ့ အစရှိသည့် နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် အမျိုးသမီးများနှင့် အကြိမ်အများဆုံး သွေးလှူရှင်အမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုရသည့်အတွက် ယနေ့သည် မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း ထပ်မံပြောကြားလိုပါကြောင်း။

ထပ်မံဖွဲ့စည်း

၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ယန္တရား (National Mechanism) တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ရာမှ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက်(၇)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားရှိပါကြောင်း။

ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိရာ မြန်မာအမျိုးသမီးများ၏ဘဝ လုပရေးအတွက် ကြိုးပမ်းရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ ဤသို့ မွန်မြတ်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ခုနစ်နှစ်ကျော်ကာလအတွင်း အဖွဲ့ဝင်အင်အား ၅ ဒသမ ၃ သန်းခန့်ရှိနေပြီ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့်

ဆက်လက်၍ မြန်မာအမျိုးသမီးများကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံများသို့ သင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံနှင့် အစည်းအဝေးများသို့ ကိုယ်စားလှယ်များစေလွှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုဖြစ်သည့် BEIJING PLATFORM FOR ACTION လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအား ကာကွယ်ပေးမှုဆိုင်ရာ UN CONVENTION ပြဋ္ဌာန်းချက် CEDAWနှင့် ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် မြန်မာအမျိုးသမီးများ၏ လက်တွေ့ဘဝနှင့် ကိုက်ညီမည့်လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးများအတွက် ချမှတ်ထားသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

တစ်ဆက်တည်းပင် အမျိုးသမီးများဘဝလုံခြုံရေးကဏ္ဍများ၌ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများ၊ ဟောပြောပွဲများကျင်းပခြင်း၊ ပညာပေးဌာနများဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် သင်တန်းများပေးခြင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုအပြင် လူမှုရေးအသိုက်အဝန်းတွင် ပြန်လည်ဝင်ဆံ့အောင် ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်းစသည့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ ဆောင်ရွက်မှုများ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ HIV/ AIDS ရောဂါကာကွယ်နှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများ၊ TB ရောဂါကာကွယ်တိုက်ဖျက်ရေး၊ မျက်မမြင်ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပေးနေမှုများ၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ အိမ်ရှင်မများ ချွေတာစုဆောင်းနိုင်ရေး၊ လူနေမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသမီးများအား ပေးအပ်ထားသည့်အခွင့်အရေးများ၊ သိသင့်သိထိုက်သည့် အမျိုးသမီးများအား ကာကွယ်ပေးထားသော ဥပဒေများကို ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ထိန်းသိမ်း

ထို့နောက် နိဂုံးချုပ်အားဖြင့် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာ၌လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရာ၌ လည်းကောင်း၊ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များကို စိတ်ဓာတ်နှင့် စာရိတ္တမြင့်မားလာကာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ပြုစုပျိုးထောင်ရာ၌ လည်းကောင်း မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍ အသီးသီးက နေပြီး ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဘက်စုံထောင့်စုံက စွမ်းစွမ်းတမံဆောင်ရွက်နေကြသော မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ထူးခြားထင်ရှားသည့် စွမ်းဆောင်ရည်များကို ချီးကျူးဂုဏ်ပြုရင်း **မြန်မာအမျိုးသမီးများနေ့** အဖြစ် ထိုက်ထိုက်တန်တန် မော်ကွန်းကမ္ပည်းရေးထိုးနိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူ ကျေနပ်အားရဖွယ်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ၂၀၀၉ ခုနှစ် အမျိုးသားစာပေဆုရ အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ကြန်၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ကျောင်းသူ မခိုင်ခိုင်လွင်ကျော်၊ ၂၀၁၀ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီး ကြေးမုံထွန်း၊ ၂၀၁၀ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုပ်သားအင်အားစုမှ ချီးမြှင့်သည့် ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆုရ ထူးချွန်သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးနှင့် ၂၀၁၀ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီတပ်ဖွဲ့ဝင်ဖြစ်သူ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေး၊ ကျောင်းကြက်ခြေနီတာဝန်ခံ၊ မြန်မာနိုင်ငံ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ အမျိုးသမီးတပ်ဖွဲ့မှူး ဒေါက်တာခင်ဆန်းနွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က ၂၀၁၀ခုနှစ် ထူးချွန်အားကစားမယ် မအေးသစ္စာမြင့်၊ ၂၀၁၀ခုနှစ် ထူးချွန်မသန်စွမ်းအားကစားမယ် မသင်းသင်းခိုင်၊ ၂၀၁၀ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် ဒုတိယတပ်ကြပ်ခင်စောမိုးနှင့် ၂၀၁၀ခုနှစ် အများဆုံး သွေးလှူဒါန်းသူ အမျိုးသမီးသွေးလှူရှင် ဒေါ်ယုယုဝေတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်မြသီဂီက **ယဉ်ကျေးလုပ မြန်မာအမျိုးသမီးများဘဝ** ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)၊ ဒုတိယဆုရ အောင်ဌေးလှိုင်၊ တတိယဆုရ စစ်ကိုင်းအောင်ကျော်တင်နှင့် အထူးဆုရရှိကြသူ ငါးဦးကိုယ်စား မသန္တာစိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က **မြတ်နိုးစရာ မေမြန်မာ ပြည်ရွာအကျိုး ဆောင်သယ်ပိုး** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ စောက္ကန္ဒာသက်မောင်၊ ဒုတိယဆုရ ဦးတင်ထွန်း (ချယ်ရီမြေမောင်တင်ထွန်း)နှင့် တတိယဆုရ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ စာအုပ်များ၊ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များ ၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးရေးရာ လုပ်ငန်းဆိုင်ရာ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong သည် ဇူလိုင် ၁ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်နှင့် ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ဂုဏ်ထူးရသားသမီးများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသန်းအေး(ငြိမ်း)က ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။
(မြို့နယ်စစ်မှုထမ်းဟောင်း)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ အဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၆ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး (အောင်သရဖူ၊ ဖုန်း-၀၉-၅၀၁၄၂၆၄)၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည်(ဘုရင့်နောင်ဈေး၊ ဖုန်း-၇၀၀၅၉၄)နှင့် ဘဏ္ဍာရေးမှူးဒေါ်မြတင်ဖုန်း-၂၄၂၂၄၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကတ္တရာခင်းခြင်းလုပ်ငန်း အုတ်တွင်း၌ ဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၃

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသည့် မိုးကောင်းလမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၃-၇-၂၀၁၁

သစ်ပင်စိုက်ပျိုးပွဲ ရေကြည်၌ ကျင်းပ

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ရေကြည်မြို့နယ် ကြာအင်း-မျော်သေးလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ တို့က ရတနာတန်းဝင်ကျွန်းနှင့် ပျဉ်းကတိုး၊ မဟော်ဂနီ စုစုပေါင်း ၉၃၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇလွန်မြို့နယ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက်က မြို့နယ်ဂေါက်ကွင်း၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မင်းမင်းစိုးနှင့်အဖွဲ့ဝင်များက ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ ကျောင်းကုန်းမြို့၌ ကျင်းပ

ကျောင်းကုန်းမြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက အမှတ်(၃)ရပ်ကွက် တာဦးလမ်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံ ဦးဝေထွန်းအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သစ်ပင်ပေါင်း ၅၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျောင်းကုန်းမြို့နယ်အတွင်း သစ်ပင်ပေါင်း ၂၄၅၀၀ကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကြံခင်းမြို့၌ကျင်းပ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အလုံအုပ်စု ဧရာဝတီတိုင်းဒေသကြီး ဆိုင်းဘုတ်အနီး မိုင်တိုင်အမှတ် ၁၃၅/၀ ကြံခင်းသစ်တော ကြိုးဝိုင်းအကွက် အမှတ်(၅၀)၌ ဇွန် ၂၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်(၅)တို့က ပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများထံ ပေးအပ်ကြပြီး ကျွန်းပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ

၃-၇-၂၀၁၁

ဝက်နားရွက်ပြာရောဂါအကြောင်း ဟားခါး၌ဟောပြော

ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း ပညာပေးဟောပြောပွဲကျင်းပရာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇန်ထောင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဝင်းမောင်က ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဟားခါးမြို့နယ် ဦးစီးဌာနမှူး ဦးချစ်စန်းက တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကာကွယ်ကုသနည်းများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသူများက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် အခြားသိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဝင်းမောင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ (တိုင်း မွေး/ကုဌာန)

သဲကုန်းမြို့၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

၂၀၁၁-၂၀၁၂ ပညာသင်နှစ် သဲကုန်းမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက သဲကုန်းမြို့အခြေခံပညာအထက်တန်းကျောင်း သာဓုခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်နားရွက်ပြာရောဂါအကြောင်း ဖျာပုံ၌ဟောပြော

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကျိုက်လတ်မြို့နယ် ရွှေဝါလတ်ခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာ ဒေါ်ဝေဝေမြိုင်က ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းသုံးစာရေးကိရိယာများနှင့် မီးစက် စဉ့်ကူး၌လှူဒါန်း

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အထကသို့ ကျောင်းသုံးစာရေးကိရိယာနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ မီးစက်လှူဒါန်းပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် သုဓမ္မမဏိဇောတရေ ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင် မိသားစုက ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းသဖြင့် မြို့နယ်ပညာရေးမှူး ကိုယ်စား စဉ့်ကူးအထက ကျောင်းအုပ်ကြီး ဦးဝင်းမောင်က လက်ခံယူပြီး ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ပြည်သူ့ဆေးရုံသုံး မီးစက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၄၃၂)

ဌာနတွင်း ဘာသာရပ်ဆိုင်ရာသင်တန်း မိုးညှင်း၌ဖွင့်

ကချင်ပြည်နယ် မိုးညှင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးပြီး ဌာနတွင်းဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့ မြို့မရပ်ကွက် စာသင်ကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇွန် ၁ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် (၂၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ပခုက္ကူပညာရေးကောလိပ် ပညာစစ်သည်ခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇော်ဝင်းက ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးဆုရ ကျောင်းသား ကျောင်းသူ ၅၁ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၇ ရက်က အဆိုပါ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်းက သင်တန်းတွင်ထူးချွန်သော ဝန်ထမ်းများအား သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ခရိုင်အတွင်းရှိ စာရေးဝန်ထမ်း ၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၃၁)

4-7 (04).pmd 1 7/4/2011, 3:18 AM

အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်းဆင်းပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

နေပြည်တော် ဇူလိုင် ၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးသည် ဇူလိုင် ၁ ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပသော အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်း အမှတ်စဉ်(၆/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

ထူးချွန်ဆု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်လဲ့သန္တာဝင်း၊ ဒုတိယဆုရ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ငြိမ်းအေး၊ တတိယဆုရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဖြိုးပြည့်ထွန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးရာသီ ရော်ဘာစိုက်ပျိုးပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းနှင့်ကျောက်တန်းသွား ကားလမ်းဘေးရှိ ပဲခူးတိုင်းဒေသကြီး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)အင်းတကော် သုတေသနနှင့် မျိုးပွားခြံ၌ကျင်းပသော မိုးရာသီ ရော်ဘာစိုက်ပျိုးပွဲနှင့် ဗိုက်တက်(စ်)ရော်ဘာပင်အားတိုးဆေး စမ်းသပ်အသုံးပြုခြင်း သရုပ်ပြပွဲသို့ တက်ရောက်အားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ရော်ဘာပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ရော်ဘာပင်များ စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အရည်အသွေးမြင့် ရော်ဘာပင်များ တိုးမြှင့်စမ်းသပ်ထုတ်လုပ်သွားရန်၊ ရော်ဘာမှထွက်ရှိသောကုန်ကြမ်းများကို သွင်းကုန်အစားထိုး ကုန်ကြမ်းအဖြစ် စမ်းသပ်ထုတ်လုပ်ရန်၊ ပင်အိုရော်ဘာပင်များကို ရော်ဘာသစ်အချောထည်လုပ်ရာ၌ အသုံးပြုရန်၊ တိုင်းဒေသကြီးအတွင်း ယခုမိုးရာသီတွင် ရော်ဘာစိုက်ပျိုးမှု ရည်မှန်းချက်တစ်သိန်းပြည့်မီကျော်လွန်အောင် စည်းရုံးစိုက်ပျိုးရန်နှင့် တောင်ကုန်းဒေသများ၌ ကွန်တိုလိုင်းအလိုက်စိုက်ပျိုးနည်းအား တွင်ကျယ်စွာ အသုံးပြုရန်တို့ကို မှာကြားပြီး ဗိုက်တက်(စ်) ရော်ဘာပင်အားတိုးဆေး စမ်းသပ်အသုံးပြုခြင်း သရုပ်ပြပွဲကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ရခိုင်ပြည်နယ်ဓမ္မာရုံ တိုးချဲ့အဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ တိုးချဲ့အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် ဦးဆောင်နာယက ဒေါက်တာ ထွန်းအောင်ကျော်တို့က တိုးချဲ့အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေး၍ မူလဓမ္မာရုံ ဘက်စုံပြုပြင်ခြင်း ကမ္ပည်းမော်ကွန်းကို နာယက ဒေါ်ထွန်းမေက ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲ ဝါးခယ်မ၌ကျင်းပ

ဝါးခယ်မ ဇူလိုင် ၃

ဝါးခယ်မမြို့နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ သင်ကြားပေးသော ဆရာ ဆရာမများနှင့် အောင်ချက် အကောင်းဆုံးဆုရ ကျောင်းသုံးကျောင်းအား ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က ရွှေခယ်သီရိ အားကစားခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ဝါးခယ်မ မြို့နယ် အသင်းဥက္ကဋ္ဌ ဦးအုံးကျော်တို့က ဆုများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ယာပုံ)(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

မိုးမောက် ဇူလိုင် ၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကြေးနန်းရပ်ကွက် ချမ်းမြေ့ ရောင်ခြည်ဓမ္မာရုံတွင် ဇွန် ၄ ရက် နံနက် ၇ နာရီခွဲက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း ပညာပေးဟောပြောပွဲကို ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားကြီးကြပ် ဦးညိုထွေးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် ကျန်းမာရေးဝန်ထမ်းများသည် အဖွဲ့ခွဲ၍ ကြေးနန်း ရပ်ကွက်အတွင်းရှိ အိမ်များသို့ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အသားများရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

အောင်လံ ဇူလိုင် ၃

အောင်လံမြို့အတွင်း ရောင်းချနေသော အသားဆိုင်များတွင် ရောဂါကင်းစင်သော အသားများရောင်းချစေရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားများ ရောင်းချစေရေးတို့အတွက် မေ ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် ဈေးဌာနစိတ်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများစုပေါင်း၍အဖွဲ့ပိုင်ဈေးများရှိ အသားဆိုင်များနှင့် သားသတ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅)မှ အရာရှိများ၏ (၂၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စိတ်ကျန်းမာရေးဆေးရုံကြီးနှင့် စွယ်တော်မြတ်စေတီတို့သို့ အလှူငွေကျပ် ခြောက်သိန်းငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကတ္တရာလမ်းပေါက်ဖာထေးခြင်း ဖားကန့်၌ဆောင်ရွက်

ဖားကန့် ဇူလိုင် ၃

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးအနောက်လမ်း ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်မင်းလွင် ဦးဆောင်သောအဖွဲ့က ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးကျော်လင်း ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

အခွန်ပညာပေးရှင်းလင်းပွဲ ဝေါမြို့နယ်၌ ကျင်းပ

ဝေါ ဇူလိုင် ၃

အခွန်ထမ်းပြည်သူများအား ဝင်ငွေကြေညာလွှာ တင်သွင်းမှုဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို ဝေါမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ဝေါမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်စောက အခွန်ထမ်းပြည်သူများအား စာရင်းအင်းများမှန်ကန်စွာထားရှိရန်၊ စာရင်းများမှ ထွက်ပေါ်လာသော ဝင်ငွေအမှန်အတိုင်း ကြေညာလွှာတင်သွင်းရန်နှင့် ပျက်ကွက်မှုများအပေါ် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ပုဂ္ဂလိကအခွန်ထမ်းများနှင့် ကုမ္ပဏီနှင့်သက်ဆိုင်သော အခွန်ဝန်ထမ်းများက သိလိုသည်များကို ပြန်လည် ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်အခွန်ဦးစီး)

ခြင်ဆေးဖျန်း

မိတ္ထီလာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်က ဦးစီးအရာရှိ ဦးမျိုးထက်ဇော် ကြီးကြပ်၍ ကျန်းမာရေးမှူး(၂) ဦးသန်းစိုးဦးနှင့် အဖွဲ့ဝန်ထမ်းများ မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများ၌ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ မော်လမြိုင်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၃

မော်လမြိုင်ကျွန်းမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်မြို့နယ်လုံး အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တစ်မြို့နယ်လုံး အောင်ချက်အကောင်းဆုံးဆုရ ကျောင်းသုံးကျောင်း၊ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမ ၁၁ ဦး၊ တစ်ဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးရသူ ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့အား ဂုဏ်ပြုဆုငွေကျပ် ၁၄ သိန်းကျော်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်မင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၅)

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

မင်းလှ ဇူလိုင် ၃

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် စုပေါင်းအလှူကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မင်းလှဓမ္မရိပ်သာ(ဗဟန်းဈေးအနီး)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ဇူလိုင် ၄ ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း-၇၂၆၈၆၆၊ ဦးဘိုမောင် ဖုန်း-၇၃၀-၃၉၈၇၀၊ ဦးမျိုးညွှန့်ဦး ဖုန်း-၇၃၁-၄၇၃၁၅ တို့ထံ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇူလိုင်၂ ရက်တွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်းစုချုပ်ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း တာဝန်ကြီး(၈)ရပ်အနက် သမဝါယမဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည့် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီများတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းမှာကြားရာတွင် နိုင်ငံတော်အတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမပညာရပ်များ၊ သမဝါယမအခြေခံမူများ၊ သမဝါယမစနစ်များ ထွန်းကားပျံ့နှံ့ရေး၊ အနာဂတ်လူငယ်များ၏ အင်အားဖြင့် သမဝါယမလုပ်ငန်းများကို တစ်စတစ်စ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှု လျော့ကျသွားစေရေး တို့တွင် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်ပါဝင်လာစေရေးပင် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်များ၌ တာဝန်ထမ်းဆောင်ကြမည့် သမဝါယမဝန်ထမ်းများသည် မိမိ၏ အဓိကတာဝန်ဖြစ်သော စည်းရုံးဖွဲ့စည်းခြင်း (Organization)၊ လေ့ကျင့်ပညာပေးခြင်း (Education)နှင့် ထိန်းကျောင်းကြီးကြပ်တည့်မတ်ပေးခြင်း (Regulation) ကဏ္ဍ (၃)ရပ်ကိုသာ ဦးစားပေးတာဝန်ယူ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ လုပ်ငန်းတာဝန်ကြီး (၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးကဏ္ဍကို ဘက်စုံထောင့်စုံမှ ပြည့်ပြည့်စုံစုံ အထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ***ကျော့ဖုံးမှ***

အဆိုပါ အစည်းအဝေးကို ဇွန် ၃၀ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး /ပြည်နယ်ဦးစီးဌာနမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးအတွက် မွေးမြူရေးလုပ်ငန်း အစုအဖွဲ့အလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ခွန်းဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၃း၁၅ ၁။ မြဝတီအဖွင့်
- ၃း၂၀ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၃း၂၁ ၃။ နိုင်ငံတော်သီချင်း
- ၃း၂၂ ၄။ အဖွင့်သီချင်း
- ၃း၃၀ ၅။ **2011 FIFA WOMEN'S WORLD CUP (GERMANY) - Australia Vs Equatorial Guinea (Delay)**
- ၅း၃၀ ၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၁၅)
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၉။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း -၂၅)
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၂။ အမျိုးသားရေးတေးကဗျာ
- ၁၃။ ဒို့တာဝန်အရေးသုံးပါး
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ Talk of the Town
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၃၀)
- ၂၁။ **Mini Series**
- ၂၂။ သင့်အတွက်မနက်ဖြန်

ငါးရစ်ငါးသန် ဘေးမဲ့ချန်

ပုံမှန်စားသုံး မျိုးမသုဉ်း

၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နှိုးဆော်ထား

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၁ခုနှစ် ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

အင်ဒိုနီးရှား၌ မီးတောင်ပေါက်ကွဲ

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်ရှိ မီးတောင်တစ်လုံး ဇွန် ၃ ရက် နံနက်က ပေါက်ကွဲခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသော်လည်း အနီးဝန်းကျင်ရှိဒေသခံများ ပြောင်းရွှေ့ခြင်းမရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ မီးတောင်ဆိုင်ရာသတင်းဌာန ဆူရိုနိုက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၎င်းမီးတောင်ပတ်လည် ၆ ဒသမ ၅ ကီလိုမီတာဝန်းကျင် ဧရိယာအတွင်း မည်သူမျှဝင်ရောက်ခြင်းမပြုရန် အရေးပေါ်အခြေအနေ သတင်းထုတ်ပြန်ထားပြီး သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်ဇုန်အဖြစ် သတ်မှတ်ထားသည်။ သို့သော် မီးတောင်နှင့်အနီးဆုံးနေထိုင်ကြသူများမှာ မီးတောင်မှ ရှစ်ကီလိုမီတာအကွာ၌ နေထိုင်ကြသူများဖြစ်သဖြင့် ပြောင်းရွှေ့မှုမရှိကြောင်း သိရှိရသည်။ **(အင်တာနက်)**

ပင်လယ်ဓားပြများရန်မှ ကာကွယ်ရန် တရုတ်စစ်သင်္ဘောအုပ်စုစေလွှတ်

ပေကျင်း ဇူလိုင် ၃

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ကျန်ကျင်းဆိပ်ကမ်းမှနေ၍ တရုတ်ရေတပ်ကင်းလှည့်စစ်သင်္ဘောများပါဝင်သည့် သင်္ဘောအုပ်စုတစ်စုကို အေဒင်ပင်လယ်ကွေ့သို့ ဇူလိုင် ၂ ရက်၌ စေလွှတ်လိုက်ကြောင်း တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဇူလိုင် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဝူဟန်အမည်ရှိဖျက်သင်္ဘောသစ်တစ်စင်းနှင့် ကျင်ဟိုင်ဟူအမည်ရှိ ထောက်ပံ့ရေး သင်္ဘောတစ်စင်းလည်း ၎င်းရေတပ်စစ်သင်္ဘောအုပ်စု၌ ပါဝင်သွားသည်။ ယင်းသင်္ဘောအုပ်စုသည် အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြများရန်မှ ကာကွယ်ရန်နှင့်တိုက်ခိုက်ရန် ယခင်တရုတ်စစ်သင်္ဘောများနေရာ၌ အစားထိုးတာဝန်ယူကြမည်ဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**

အာလိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မက္ကဆီကိုနိုင်ငံ၌ ၁၁ဦး သေဆုံး

ပါချူကာ ဇူလိုင် ၃

မက္ကဆီကိုနိုင်ငံ ဟိုင်ဒယ်ရိုပြည်နယ်အလယ်ပိုင်းတွင် အာလိန်းအမည်ရှိ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၁ ဦး သေဆုံးကာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ဇူလိုင် ၃ ရက်၌ ပြောကြားသည်။

၎င်းမုန်တိုင်းကြောင့် ဟိုင်ဒယ်ရိုပြည်နယ်အလယ်ပိုင်းတွင် ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် မိုးသည်းထန်ပြီး ရေကာတာများ ကျိုးပေါက်ကာ ဒေသခံ ၁၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ငါးဦး သေဆုံးခဲ့သည်။ **(ယာပုံ)**

ပူဘလာပြည်နယ် အလယ်ပိုင်းတွင်လည်း မုန်တိုင်းကြောင့် သစ်ပင်ပြိုလဲပြီး နေအိမ်များပေါ်ပိကျခဲ့မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ ထို့အပြင် ဗီရာခရုဇ်ပြည်နယ်တွင် မြေပြိုမှုကြောင့် တစ်ဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆန်လူးရစ်ပိုတိုစီပြည်နယ်တွင်လည်း မြစ်ရေလျှံပြီး တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် လူငယ်တစ်ဦးသေဆုံးကာ တာမြူလီပက်စ်ပြည်နယ်တွင် နှစ်ဦးသေဆုံးခဲ့သည့်အပြင် မက္ကဆီကိုစီးတီး၌ ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

➤ *မိုးမြင့်လင်းလက် စုစည်းသည်* ➤

အမေရိကန် ချူကလီးယားလက်နက်များ ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်ဟုဆို

ဘာလင် ဇူလိုင် ၃

အမေရိကန်နိုင်ငံ၏ ထောင်ပေါင်းများစွာသော နျူကလီးယားလက်နက်များသည် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုတန်နီက ဝေဖန်ပြောကြားလိုက်သည်။

(၅၉)ကြိမ်မြောက်

ဘာလင်မြို့၌ (၅၉)ကြိမ်မြောက် နျူကလီးယားလက်နက်ဖျက်သိမ်းရေးညီလာခံတက်ရောက်ပြီး ရပ်နားချိန်တွင် အီရန်သံအမတ်ကြီး ဆိုတန်နီက ဇူလိုင် ၁ ရက်၌ အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ဝေဖန်

အမေရိကန်နိုင်ငံနှင့်အချို့သော အနောက်အုပ်စုနိုင်ငံများက ၎င်းတို့၏ နျူကလီးယားလက်နက်များဖျက်သိမ်းရန် ငြင်းဆိုနေခြင်းအပေါ် အီရန်သံအမတ်ကြီး ဆိုတန်နီက ဝေဖန်လိုက်ခြင်းဖြစ်သည်။

နျူကလီးယားလက်နက် လုံးဝဖျက်သိမ်းရေးရည်မှန်းချက်ရောက်အောင် နိုင်ငံတကာက ပိုမိုကြိုးပမ်းသင့်ကြောင်း ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။ **(အင်တာနက်)**

နည်းပညာတက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃

နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနား (The Fourth National Conference on Science and Engineering 2011) ကို ဇွန် ၂၇ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးနည်းပညာတက္ကသိုလ်၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာတမ်းတင်သွင်းဖတ်ကြားမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သုတေသနစာတမ်းများ ဖတ်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျင်းပသည့် နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇွန် ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့ပြီး နည်းပညာတက္ကသိုလ်များမှ မဟာအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ သုတေသနစာတမ်းပေါင်း ၅၃၅စောင် တင်သွင်းဖတ်ကြားခဲ့သည်။

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်၌လည်း နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး နည်းပညာတက္ကသိုလ်များမှ မဟာအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ သုတေသနစာတမ်းပေါင်း ၂၀၇စောင် တင်သွင်းဖတ်ကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စေတနာရှင်သွေးလှူရှင်များ သွေးလှူဒါန်း

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စေတနာရှင်သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် သွေးလှူဒါန်းပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်အားပေးသည်။

တက်ရောက်

သွေးလှူဒါန်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှညွှန်ကြားရေးမှူးချုပ် (တာဝန်) ဒေါ်ခင်စန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးထွန်းနိုင်ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာ ဦးထိန်ဝင်းတို့လည်း တက်ရောက်အားပေးကြသည်။

လှူဒါန်း

သွေးလှူဒါန်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သွေးလှူရှင် ၄၆ ဦး လာရောက် လှူဒါန်းကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၃

ကြို့ပင်ကောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ အခမ်းအနားတွင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်သန်းတို့က ဟောပြောခဲ့ကြကြောင်းသိရှိရသည်။ **(၁၁၁)**

အလုပ်သမားဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၃

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံး အနီးဝန်းကျင်၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့ တက်ရောက်ပြီး သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

ယခု ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ရင်းမာ၊ ပျဉ်းကတိုး၊ သစ်ပိတောက်၊ မဟော်ဂနီ၊ သရက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိန္နဲ၊ ဒန့်သလွန်နှင့် မန်ကျည်းပင် စသည့် အပင်မျိုးစုံ စုစုပေါင်း ၂၂၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၃

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၂ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီး-ဟိုပုံး-လွိုင်လင် ပြည်ထောင်စုကားလမ်းဘေး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ် တက်ရောက်ပြီး ပျိုးပင်များကိုပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များကို ပေးအပ်ကြသည်။

စိုက်ပျိုး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ခါတော်မီ၊ ချယ်ရီ၊ ယူကလစ်၊ စိန်ပန်းပြာ၊ အော်ရီရှား စသည့် ပျိုးပင်ပေါင်း ၁၅၀၀ကို စိုက်ပျိုးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မိုးစပါးဧက၁၀၀ စံပြစိုက်ကွင်းအတွင်း ကျင်းပသည့် မြို့နယ်အဆင့် စုပေါင်းကောက်စိုက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ရှမ်းမောမြေ ကုမ္ပဏီက ခင်းကျင်းပြသထားသော သဘာဝဇီဝမြေဩဇာများ၊ ရွက်ဖျန်း၊ သီးဖျန်းဆေးများ၊ သဘာဝပိုးသတ်ဆေးများနှင့် ပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာနက ခင်းကျင်းပြသထားသော လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲဆက်

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကား

နေပြည်တော် ဇူလိုင် ၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ရောင်းချရ

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲတွင် နံနက် ၈ နာရီမှစတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များက ခင်းကျင်းပြသထားသော အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့်ပုလဲအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြသည်။

အလားတူ နံနက်ပိုင်းတွင် ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရ ပုလဲအတွဲ(၈၀)ရောင်းချရပြီး မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရ ပုလဲအတွဲ(၃၇)တွဲ ရောင်းချရသည်။

ယနေ့ညနေပိုင်းတွင် ပုလဲအထူးရောင်းချပွဲပြီးစီးသွားပြီဖြစ်ရာ စုစုပေါင်း ပုလဲအတွဲ(၂၈၈)တွဲ ရောင်းချရသည်။

ပေးအပ်

ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်က အများဆုံးဝယ်ယူသူဆု ရရှိသူ ဂျပန်နိုင်ငံ Paras Pearls Co., မှ Mr. Javeri Parful Shantichand အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းမှ စတင်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကိုစတင်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း (၂၆၁၈)တွဲ ရောင်းချရသည်။

အထူးရောင်းချပွဲတွင် ပြည်တွင်းပြည်ပရတနာကုန်သည်များက ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ဝယ်ယူရန် တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကိုထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကြည့်ရှုလေ့လာ

မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး သပြေကုန်းပွဲရုံတန်း၌ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့ခရီးသွားနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဟိုတယ်ဇုန်များက မြန်မာ့ခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြခန်းများ ဖွင့်လှစ်ပြသလျက်ရှိရာ ပြည်တွင်းပြည်ပရတနာကုန်သည်များနှင့် စိတ်ပါဝင်စားကြသည့် ပြည်သူများက ကြည့်ရှုလေ့လာလျက်ရှိကြသည်။

အဆင်ပြေလွယ်ကူ

ထို့အတူ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့မှ စားသောက်ဆိုင်ကြီးများ ပါဝင်ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်တန်း (Food Court) တွင် မြန်မာအစားအစာ၊ တရုတ်အစားအစာနှင့် ထိုင်းအစားအစာတို့ကို နံနက် ၇ နာရီမှ ည ၉ နာရီအထိ အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်ငွေနှင့် မြန်မာကျပ်ငွေတို့ဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်တွင်း ပြည်ပရတနာကုန်သည်များအနေဖြင့် စားသောက်မှုအဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁၃ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အတွေးမှားပြီး အရေးမမှားစေလို

ကိုကိုအောင်

ယနေ့ မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ရန် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အသီးသီးကလည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို လွှတ်တော်က အတည်ပြုတင်မြှောက်လိုက်သည့် အစိုးရအဖွဲ့အသီးသီးက လည်းကောင်း၊ တရားစီရင်ရေးအာဏာကို လွှတ်တော်၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အသီးသီးတို့က လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပေပြီ။ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို စိစစ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို အခြေခံဥပဒေအရ ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ အလားတူ နိုင်ငံတော်၏ နိုင်ငံသားတိုင်း လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်နိုင်ရေး၊ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း လွှတ်တော်၏အတည်ပြုချက်ရယူကာ ဖွဲ့စည်းပေးထားပြီးဖြစ်သည်။

တစ်နည်းဆိုရသော် **နိုင်ငံတော်အချုပ်အခြာအာဏာ သုံးရပ်ကို တာဝန်ယူဆောင်ရွက်ကြမည့် ဤအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရသာ ဖွဲ့စည်းပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်ပေသည်။**

သို့သော် ယခုအချိန်အထိ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာဖတ်ရှုမှု အားနည်းသည်လား၊ မိမိ၏ စိတ်ဆန္ဒစွဲဖြင့် အဓိပ္ပာယ်ဖွင့်ဆိုမှု လွဲမှားသည်လားမဆိုနိုင်။ ထင်ကြေးဖြင့် ကောက်ချက်ဆွဲကာ အတွေးများပြီး အရေးမှားသူများရှိနေသည်ကို တွေ့မြင်နေရသည်။

၂၉-၆-၂၀၁၁ ရက်စွဲပါ ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်ရေးထိုးပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူပေးပို့သည့်စာကို အင်တာနက်တွင် အမှတ်မထင် ဖတ်လိုက်မိသောအခါ အဟောဝတ ဩချလောက်သည်ဟု ဆိုရပေမည်။ ယင်းစာတွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဥပဒေအမှတ် ၄/၈၈ ဖြစ်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့ပြီး တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီတစ်ခုဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၉ တွင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်ဟု ပါရှိသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းခွင့်ရှိကြောင်း၊ ၂၀၁၀ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေအမှတ်(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမဟုတ်၍ မူလကပင် ပျက်ပြယ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၅ အရ ရက်ပေါင်း (၆၀)အတွင်း ကော်မရှင်သို့ ပြန်လည်လျှောက်ထားခြင်း မရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဥပဒေအရ အလိုအလျောက် ပျက်ပြယ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ထိုသို့ ပျက်ပြယ်ခြင်း မရှိကြောင်း" စသည်ဖြင့် ရေးသားဖော်ပြထားသည်ကိုတွေ့ရသည်။

ဤရေးသားချက်များကို ဖတ်ရှုမိသဖြင့် ထိုစာကိုရေးသားသူသည် ဥပဒေ၏အခြေခံသဘောကို နားမလည်၍လား၊ သို့မဟုတ် အတွေးများပြီး အရေးမှားခြင်းပေလားဟု တွေးတောကာ စိတ်မကောင်းဖြစ်မိသည်။

ဆိုရသော် နိုင်ငံတော်ရှိ ပြဋ္ဌာန်းဥပဒေ (Statue Law) အားလုံးသည် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်နှင့် ထိုနေ့မှစ၍ အာဏာတည်သည်ဟု တစ်သမတ်တည်း နားလည်ထားပုံရသည်။ ပြဋ္ဌာန်းဥပဒေများသည် သက်ဆိုင်ရာဥပဒေ၌ အာဏာတည်သည့်နေ့ရက်ကို သီးခြားဖော်ပြမထားပါက ယင်းဥပဒေ ထုတ်ပြန် ပြဋ္ဌာန်းသည့် နေ့မှစ၍ အာဏာတည်သည်မှာ မှန်ပါ၏။

သို့သော် အချို့သော ပြဋ္ဌာန်းဥပဒေများသည် ယင်းဥပဒေမှာပင် ဥပဒေ စတင်အာဏာတည်ရမည့်နေ့ရက်ကို သီးခြားပြဋ္ဌာန်းဖော်ပြသည်များ ရှိတတ်သလို၊ အချို့ဥပဒေများသည် အမိန့်ကြော်ငြာစာ၊ အမိန့်တစ်ရပ်ရပ် ထပ်မံထုတ်ပြန်၍ ဥပဒေအာဏာတည်သည့် နေ့ရက်ကို သတ်မှတ်ခြင်းမျိုးလည်း ရှိတတ်ကြောင်း သတိပြုအပ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈-ခုနှစ်)သည် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် ၂၉-၅-၂၀၀၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာခဲ့သည်မှာ မှန်ပါ၏။ သို့ရာတွင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၄၁တွင် ……… ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်ဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ရက်မှာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ဖြစ်ကြောင်း ပြည်သူအများ သိရှိကြပြီး ဖြစ်သည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲခဲ့သော ပုဂ္ဂိုလ်များသည် တပ်မတော်အစိုးရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ အကူးအပြောင်းကာလတွင် မလိုလားအပ်သော အချုပ်အခြာ အာဏာ ကွင်းဆက်ပြတ်မှုမဖြစ်ပေါ်စေရေး မျှော်တွေးလျက် အခြေခံဥပဒေ၏ အခန်း(၁၄)တွင် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ယင်းအခန်း (၁၄)၏ **ပုဒ်မ ၄၄၂တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ကျင့်သုံးဆောင်ရွက်ရမည်**ဟု အတိအလင်း အာဏာအပ်နှင်းထားသည်။

ထို့ပြင် အခြေခံဥပဒေပုဒ်မ **၄၄၃တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်**ဖြစ်ကြောင်း ဆက်လက်ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်များအရ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့် (၃၁-၁-၂၀၁၁)ရက်နေ့ မတိုင်မီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်လုံးကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပင် အာဏာအပ်နှင်းထားခြင်း ဖြစ်သည်။**

ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ (Constitutional Provissions) ဖြစ်၍ ထိုအချိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးခွင့်ရှိသည်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အငြင်းမပွားနိုင်ပါ။

ဖော်ပြပါအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အပ်နှင်းသည့် အခွင့်အာဏာအရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေး အတွက် လတ်တလော မရှိမဖြစ်လိုအပ်သည့် ဥပဒေအချို့ကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် ဥပဒေအမှတ် (၂/၂၀၁၀) ဖြစ်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေလည်း တစ်ခု အပါအဝင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့်ကာလအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်း၊ ယင်းဥပဒေပုဒ်မ ၂၇ အရ ယခင်ဥပဒေ (နဝတဥပဒေ ၄/၈၈)ကို ရုပ်သိမ်းခဲ့ခြင်းတို့မှာ ဥပဒေနှင့်မညီဟု ဆိုနိုင်ပါမည်လော။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမဟုတ်၍ (ပြည်ထောင်စုလွှတ်တော်မပေါ်သေး၍)ထိုသို့ ဥပဒေပြဋ္ဌာန်းခွင့်မရှိဟု ပြောနိုင်ပါမည်လော။ အတွေးများ၍ အရေးမှားခြင်းသာ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် **၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုခွင့်ရှိသည့် အဖွဲ့အစည်းက ဥပဒေပြုခဲ့ခြင်းသာဖြစ်၍ ထိုဥပဒေသည် တရားဝင်အတည်ဖြစ်သည်မှာ ထင်ရှားသည်။ ဤသို့ဆိုလျှင် ယင်းဥပဒေပုဒ်မ ၂၅အရ……. ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်းကော်မရှင်သို့ လျှောက်ထားရမည်။ …. ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်**ဆိုသော ဥပဒေပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်သာ ရှိပေသည်။ မလိုက်နာပါက ဥပဒေအရ အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ကြောင်းကို လက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၂၅ အရ လျှောက်ထားခြင်းမရှိကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီဟောင်း(၅)ခုလုံးကို နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ယင်းဥပဒေပုဒ်မ ၂၀ အရ ကော်မရှင်က ကြေညာချက်အမှတ်(၉၇/၂၀၁၀)ဖြင့် ဆုံးဖြတ်ကြေညာခဲ့ခြင်းမှာလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ လက်ခံရမည်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ နိုင်ငံသားအားလုံးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေသကဲ့သို့ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးထားပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၄၆တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ဥပဒေအမှတ် (၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုသည်ဟု မကြားမိသေးပါ။ ပုဒ်မ ၄၀၉ အရလည်း ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် ဥပဒေအသစ်တစ်ရပ် ထပ်မံပြဋ္ဌာန်းခြင်းမရှိသေးပါ။ ထို့ကြောင့် ယင်းဥပဒေသည် ယနေ့တိုင် အာဏာတည်လျက်ရှိပြီး ယင်းတည်ဆဲဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များသည်လည်း တရားဝင် အတည်ဖြစ်လျက်ရှိပေမည်။

ဤသည်ကိုပင် ဥပဒေအား လွဲမှားစွာအဓိပ္ပာယ်ကောက်ယူပြီး ၎င်းတို့အဖွဲ့ချုပ်သည် နဝတဥပဒေအမှတ် (၄/၈၈) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (ရုပ်သိမ်းပြီးဖြစ်၍ မရှိတော့သည့် ဥပဒေ)အရ ယခင်ကော်မရှင် (ရုပ်သိမ်းပြီးဖြစ်သော ဥပဒေအရ တည်ရှိခဲ့သည့်ကော်မရှင်)တွင် မှတ်ပုံတင်ထားသဖြင့် တရားဝင်ရပ်တည်နေကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၎င်းတို့အဖွဲ့ချုပ်ကို ပါတီမှတ်ပုံတင် ပယ်ဖျက်ခွင့်မရှိကြောင်း တွင်တွင်ငြင်းဆိုနေခြင်းမှာ "ကျား ကျား၊ မီးယပ်" ဆိုသကဲ့သို့ ဖြစ်နေပေသည်။

တစ်ဖန် ဖော်ပြပါ ပြည်ထဲရေးဝန်ကြီးထံသို့ ပေးပို့သည့်စာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဟု ဖော်ပြလက်မှတ်ရေးထိုးလျက် ဒေါ်အောင်ဆန်းစုကြည်က ရေးသားရာ၌ "၎င်းတို့အဖွဲ့ချုပ်သည် တရားဥပဒေစိုးမိုးရေးကို လိုလားသည့်အလျောက် ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဖွဲ့ချုပ်ကို ဖျက်သိမ်းခြင်းမှာ တရားမဝင်

ကြောင်း၊ ၂၀၁၀ ပြည့်နှစ်၊ တရားစီရင်ရေ
(ဇ)တို့အရ တရားရုံးချုပ်သို့ လျှောက်ထာ
ရုံးချုပ် (နေပြည်တော်)မှ ၎င်းတို့၏ လျှော
ကြောင်း၊ ထိုသို့ ပယ်လိုက်သည်မှာ ဥပဒေ
လက်မခံနိုင်ကြောင်း" ဖော်ပြရေးသားထာ
သည်။ အမှန်မှာ ယင်းစာကို လက်မှတ်ရေး
စုကြည် သည် ၎င်းတို့အဖွဲ့ချုပ်ဟုဆိုသည့် N
ရက်စွဲပါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစ
အရ NLD အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီး
အချက်ကို NLD ၏ ဥက္ကဋ္ဌ ဦးအောင်ရွှေ
ရေးထိုးတင်ပြသည့် စာအထောက်အထားမျာ
လေ့လာသိရှိရပါသည်။ ထို့ကြောင့် သူမသည
အတွင်းရေးမှူးအဖြစ် ဖော်ပြလက်မှတ်ရေး
အင်တာနက်တွင် တွေ့ရသည့် ဒေါ်
ရေးသားသော စာ၏ရှေ့ပိုင်းတွင် နိုင်ငံတော်
တရားမဝင်ပါဟု ဝေဖန်ပုတ်ခတ်ပြီး၊ တစ်ဖ
စီရင်ရေးအာဏာကိုလည်း ဥပဒေနှင့်ညီညွ
ရေးသားပြန်ပါသည်။ ယခင် သူမ၏ ဆော
ဟူသမျှ ဆန့်ကျင်ကြ"ဟု ဆက်လက်ခံယူ
တစ်ချိန်တည်းတွင် တရားဥပဒေစိုးမိုးရေး
ပြောသူမှာလည်း သူမပင် ဖြစ်နေပြန်သည်
မည်နည်း။

**တရားရုံးချုပ် (ယခု ပြည်ထောင်စုတ
နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည
စီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရသည
လည်း ဖြစ်ပါသည်။** နိုင်ငံတော် အမြင့်ဆုံ
အစည်းတစ်ရပ်၏ တရားဥပဒေနှင့်အညီ
လက်မခံနိုင်ဟုဆိုပါလျှင်၊ ၎င်းကဲ့သို့ပင် အ
များက နိုင်ငံတော်၏ တရားစီရင်ရေးအာဏ
နေပါက မင်းမဲ့စရိုက်မျိုးနှင့် ကြုံတွေ့ရမည
အဘယ်မှာ တရားဥပဒေစိုးမိုးရေး ရှိနိုင်ပါ
လျှင် ရင်လေးဖွယ်ရာ ဖြစ်ပါသည်။
အကယ်၍ ၎င်းတို့ ထင်မြင်ယူဆာ
(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြ
အခြေခံဥပဒေနှင့်အညီ ရေးဆွဲထားသော ဥ
အထင်ဖြင့် ယူဆလျှင်လည်း အခြေခံဥပ
ပြင်ဆင်ခွင့်၊ ပယ်ဖျယ်ခွင့်အာဏာရှိသည့်
ဆွေးနွေးအဖြေရှာရမည့် ကိစ္စဖြစ်သည်ဟု
ပါသည်။
မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏နိုင်ငံတေ
သမ္မတ မြန်မာနိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်
သမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ
နိုင်ငံသားအားလုံးအတွက် **ဖွဲ့စည်းပုံအခြေခ
နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအ
အခွင့်အရေးရရှိစေသကဲ့သို့ ဥပဒေ၏ အ
တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးထားပါသည
the Law** ဆိုသကဲ့သို့ ဥပဒေ၏ အထက်
မည်သူ၏ သားသမီးဖြစ်သည်၊ မည်သ
သည်. . . စသည်မခွဲခြားဘဲ ဥပဒေအရာတွ
ရှိသကဲ့သို့၊ ဥပဒေကို လေးစားလိုက်နာရ
ဖြစ်ရပါမည်။ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃
သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်
စောင့်ထိန်းရန်တာဝန်ရှိသည်**ဟု အတိအလင
ယခုကဲ့သို့ အင်တာနက်စာမျက်နှာ
စုကြည်၏ ရေးသားချက်များသည် ဖွဲ့စည်းပုံ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေ
အာဏာ ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကို တရ
ထုတ်ပြန်ပြဋ္ဌာန်းခွင့်မရှိကြောင်း၊ ယင်းသို့
သည့် တည်ဆဲဥပဒေ(၂/၂၀၁၀)အရ ပြည်
ကော်မရှင်၏ ဆောင်ရွက်ချက်သည် ဥပဒေ
သည်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံ
စီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်ကို လက
ရေးသားချက်များ ပါရှိနေသဖြင့် ထိုရေးသာ
ချိုးဖောက်ရာရောက်စေမည်ကို စိုးကြောက်
"ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့"ဟု ရှေးစ
မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ
ထောင်လွှားလာပါက အမှန်ကိုမမြင်တေ
တတ်ပါသည်။ မောဟကြောင့် တွေဝေမိ
ချာချာလည်တတ်သည်မှာလည်း လောက
သည်။ ထိုသို့လျှင် အတွေးများလာပါက. .
အသားလည်း မှားယွင်းတတ်ကြောင်း သတိ
လိုက်ရပါသည်။ ။

ကြောင်း၊ ၂၀၁၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၅ (က)၊ (ဇ)တို့အရ တရားရုံးချုပ်သို့ လျှောက်ထားခဲ့သော်လည်း တရားရုံးချုပ် (နေပြည်တော်)မှ ၎င်းတို့၏ လျှောက်ထားချက်ကို ပယ်ခဲ့ကြောင်း၊ ထိုသို့ ပယ်လိုက်သည်မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိ၍ လက်မခံနိုင်ကြောင်း" ဖော်ပြရေးသားထားသည်ကို တွေ့မြင်ရပါသည်။ အမှန်မှာ ယင်းစာကို လက်မှတ်ရေးထိုးသူ ဒေါ်အောင်ဆန်းစုကြည် သည် ၎င်းတို့အဖွဲ့ချုပ်ဟုဆိုသည့် NLD ၏ ၁၁-၁၂-၁၉၉၁ ရက်စွဲပါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ NLD အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီးသူ ဖြစ်ပါသည်။ ယင်းအချက်ကို NLD ၏ ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြသည့် စာအထောက်အထားများ အခိုင်အမာရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် သူမသည် NLD ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဖော်ပြလက်မှတ်ရေးထိုးခွင့် ရှိမည်မဟုတ်ပါ။

အင်တာနက်တွင် တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်တို့ ရေးသားသော စာ၏ရှေ့ပိုင်းတွင် နိုင်ငံတော်၏ ဥပဒေပြုအာဏာကို တရားမဝင်ပါဟု ဝေဖန်ပုတ်ခတ်ပြီး၊ တစ်ဖန် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကိုလည်း ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ဆန့်ကျင်ရေးသားပြန်ပါသည်။ ယခင် သူမ၏ ဆောင်ပုဒ်အတိုင်း "အာဏာဟူသမျှ ဆန့်ကျင်ကြ"ဟု ဆက်လက်ခံယူကျင့်သုံးနေရော့သလား။ တစ်ချိန်တည်းတွင် တရားဥပဒေစိုးမိုးရေးကို လိုလားပါသည်ဟု ပြောသူမှာလည်း သူမပင် ဖြစ်နေပြန်သည်။ မည်သို့နားလည်ရပါမည်နည်း။

တရားရုံးချုပ် (ယခု ပြည်ထောင်စုတရားလွှတ်တော်ချုပ်)သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရသည့် အမြင့်ဆုံးအဖွဲ့အစည်းလည်း ဖြစ်ပါသည်။ နိုင်ငံတော် အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့အစည်းတစ်ရပ်၏ တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ချက်ကို လက်မခံနိုင်ဟုဆိုပါလျှင်၊ ၎င်းကဲ့သို့ပင် အများပြည်သူ နိုင်ငံသားများက နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို လက်မခံ ငြင်းဆန်နေပါက မင်းမဲ့စရိုက်မျိုးနှင့် ကြုံတွေ့ရမည်သာ မဟုတ်ပါလော။ အဘယ်မှာ တရားဥပဒေစိုးမိုးရေး ရှိနိုင်ပါဦးမည်နည်း။ စဉ်းစားမိလျှင် ရင်လေးဖွယ်ရာ ဖြစ်ပါသည်။

အကယ်၍ ၎င်းတို့ ထင်မြင်ယူဆသကဲ့သို့ ဥပဒေအမှတ် (၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲထားသော ဥပဒေမဟုတ်ဟု ၎င်းတို့အထင်ဖြင့် ယူဆလျှင်လည်း အခြေခံဥပဒေအရ ဥပဒေပြုခွင့်၊ ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်အာဏာရှိသည့် လွှတ်တော်များ၌သာ ဆွေးနွေးအဖြေရှာရမည့် ကိစ္စဖြစ်သည်ဟု ရိုးသားစွာယုံကြည်မိပါသည်။

မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။ ကျွန်ုပ်တို့နိုင်ငံသားအားလုံးအတွက် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေသကဲ့သို့ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးထားပါသည်။ No body above the Law** ဆိုသကဲ့သို့ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိရပါ။ မည်သူ၏ သားသမီးဖြစ်သည်၊ မည်သည့်အဆင့်အတန်းဖြစ်သည်. . . စသည်မခွဲခြားဘဲ ဥပဒေအရာတွင် တန်းတူအခွင့်အရေးရှိသကဲ့သို့၊ ဥပဒေကို လေးစားလိုက်နာရာတွင်လည်း တန်းတူပင်ဖြစ်ရပါမည်။ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၄ တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိသည်**ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ယခုကဲ့သို့ အင်တာနက်စာမျက်နှာပါ ဒေါ်အောင်ဆန်းစုကြည်၏ ရေးသားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေပြုအာဏာ ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကို တရားမဝင်ကြောင်း၊ ဥပဒေထုတ်ပြန်ပြဋ္ဌာန်းခွင့်မရှိကြောင်း၊ ယင်းသို့ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ(၂/၂၀၁၀)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်သည် ဥပဒေအရ လုပ်ပိုင်ခွင့်မရှိသည်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်ကို လက်မခံနိုင်ကြောင်း ဖော်ပြရေးသားချက်များ ပါရှိနေသဖြင့် ထိုရေးသားချက်များကပင် ဥပဒေချိုးဖောက်ရာရောက်စေမည်ကို စိုးကြောက်မိပါသည်။

"ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့"ဟု ရှေးစကားအလာရှိပါသည်။ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို မာန်မာနများ ထောင်လွှားလာပါက အမှန်ကိုမမြင်တော့ဘဲ မောဟဖုံးလွှမ်းတတ်ပါသည်။ မောဟကြောင့် တွေဝေမိန်းမောပြီး အတွေးများချာချာလည်တတ်သည်မှာလည်း လောကနိယာမသဘော ဖြစ်ပါသည်။ ထိုသို့လျှင် အတွေးများလာပါက. . . ဤသို့လျှင် အရေးအသားလည်း မှားယွင်းတတ်ကြောင်း သတိပြုဆင်ခြင်ဖွယ် တင်ပြလိုက်ရပါသည်။ ။

ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာစေရေး သင်ကြားလေ့ကျင့် အာစရိယဂုဏ်နှင့်ညီသော ဆရာ၊ ဆရာမများဖြစ်အောင် ကြိုးစား

နေပြည်တော် ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ငူတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပညာရေးလုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် စေတနာထားကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သင်ကြားလေ့ကျင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်ရှိ Multi-media Lecture Room ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး **(အပေါ်ပုံ)** ယနေ့ကာလတွင် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အလေးအနက်ထားပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေးကြရန်နှင့် လမ်းကြောင်းမှန်သို့ ရောက်ရှိအောင် တည့်မတ်ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ မိမိဆောင်ရွက်ရမည့် တာဝန်များကို စည်းကမ်းနှင့်အညီ စေတနာထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာစရိယဂုဏ်၊ နာယကဂုဏ်တို့နှင့်ညီသော ဆရာ၊ ဆရာမများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

ယခင်မိတ္ထီလာဒေသကောလိပ် (၁၉၇၇ မှ ၁၉၈၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဇူလိုင် ၃

ယခင်မိတ္ထီလာဒေသကောလိပ်၌ ၁၉၇၇ မှ ၁၉၈၂ အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် မိတ္ထီလာတက္ကသိုလ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခင် မိတ္ထီလာဒေသကောလိပ်၌ ပညာသင်ကြားခဲ့သော ဆရာကြီး ဆရာမကြီးများ ကြွရောက်ကန်တော့ခံယူပါရန်နှင့် ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကန်တော့ကြရန်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဦးခင်မောင်ဆွေ(မိတ္ထီလာ)ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉-၄၇၁၃၂၃၀၃၊ ဒေါက်တာနေမျိုး (မန္တလေး)ဖုန်း-၀၂-၃၉၅၀၄၊ ၀၉-၅၁၄၁၇၄၅ နှင့် ဒေါက်တာစန်းစန်းဝေ တွဲဖက်ပါမောက္ခ သင်္ချာဌာန မိတ္ထီလာတက္ကသိုလ် ဖုန်း-၀၉-၄၉၂၂၁၆၉၄၊ ဒေါ်မြင့်မြင့်သန်း(မိတ္ထီလာ) ဖုန်း-၀၉-၂၁၆၅၇၅၁၊ အင်ဂျင်နီယာ ဦးသန့်ဇင် (မိတ္ထီလာ) ဖုန်း-၀၉-၂၀၁၈၆၁၂၊ ဒေါက်တာဝင်းမောင် (ပျော်ဘွယ်) ဖုန်း-၀၉-၅၁၆၃၈၀၉ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်မည်ဖြစ်သည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဗုဒ္ဓဆေးသောက် ရောဂါပျောက်** တရားတော် (ဆရာတော် အရှင်ပညာဒီပ)
- ၆:၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂီရောင်မြင်ကွင်းများ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၂)
- ၈:၅၀ 7 Diamonds Live Show (Part-1)
- ၉:၄၀ ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး၊ အလှူတော်ကျင်းပရာ. . . မင်းကွန်းမြေမှာ
- ၁၀:၀၀ ဘဝဆည်းဆာအလှရှင်များ၏ နားခိုရာ
- ၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ) (သွေးလှူဘဏ်)
- ၁၀:၃၀ The Champion of Dance
- ၁၁:၀၅ Celebrity Choice (မေစပယ်ညို)
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၁:၅၀ မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ (ဆောင်းရာသီဖက်ရှင်)
- ၁၂:၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးငပိလိမ္မော်ဟင်းနှင့် ပဲတီချဉ်ကြော် ပြုလုပ်နည်း)
- ၁:၀၀ **ဗုဒ္ဓဆေးသောက် ရောဂါပျောက်** တရားတော် (ဆရာတော် အရှင်ပညာဒီပ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Japan Video Topics (Hina - Ningyo Dolls)
- ၂:၃၀ ဒီပဲယင်းမြို့နယ်အသင်း (ရန်ကုန်)၏ ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပွဲ
- ၂:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဒေါ်လန်း**
- ၃:၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (Fancy များ နှင့် အင်္ကျီအလှဆင်ခြင်း)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၄)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၂)
- ၄:၅၀ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (မြန်မာစာ) (အပိုင်း-၁)
- ၅:၂၀ တို့မြန်မာ့လေးဖက်နာ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၅)
- ၇:၀၅ 7 Diamonds Live Show (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **မိန်းကလေးဖြစ်တာ ကောင်းတယ်၊ မိန်းကလေးမဖြစ်တာ ကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၃)
- ၁၀:၂၀ ဗီဒီယိုပြခန်း
- ၁၀:၄၀ အနုပညာမိုးကောင်းကင်
- ၁၁:၀၀ Sunday Talk [ထွန်းလိုင်အောင် (ကောင်းကျော်စေ ကုမ္ပဏီလီမိတက်)၊ မျိုးမြတ်သူ]
- ၁၁:၃၀ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (မြန်မာစာ) (အပိုင်း-၂)
- ၁၁:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ
- ၁၁:၅၀ International Show Biz
- ၁၂:၁၀ ရသစုံစွာ တေးအလင်္ကာ
- ၁၂:၃၀ ဈေးဝယ်လမ်းညွှန် (Pan Pan Fashion Shop)
- ၁၂:၅၀ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ထွန်းထွန်းလင်း)
- ၁:၅၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လှောင်အိမ်နှင့် ငါးမွေးခြင်း)
- ၂:၀၀ မြင့်မြတ်စိတ်ထား Aiki-Ken အားကစား
- ၂:၃၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ကြီးမားဖွံ့ထွားဧရာဝတီရဲ့ ငါး)
- ၂:၅၀ အသွင်ပြောင်းစေမည့် Fiber Tech
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ Beautiful and Dawntless Females
- ၄:၄၅ မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇွန် ၁၀ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါး၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၄-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အင်္ဂဇေယျမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ **နင်းကြည့်စမ်းပါ**
- ၈:၂၅ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ အထူးပြုများ) (သမိုင်း)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၅)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၁)
- ၁၉။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ** ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရွှေထွန်းယုံ အလဲထိုးအနိုင်ရ၊ ဖိုးကေ သရေကျ

နေပြည်တော် ဇူလိုင် ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံ၌ကျင်းပသည်။

ယှဉ်ပြိုင်

ဒုတိယနေ့ပြိုင်ပွဲများအဖြစ် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပြိုင်ပွဲ၌ ရွှေထွန်းယုံ (မြန်မာ/ဘိလပ်မြေစက်ရုံ) နှင့် စီထောင်း (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂ မိနစ် ၅၆စက္ကန့်တွင် ရွှေထွန်းယုံ(မြန်မာ/ဘိလပ်မြေ)က အလဲထိုး အနိုင်ရရှိသည်။

ဒုတိယပွဲအဖြစ် ငါးချီ အထူးစိန်ခေါ်ပွဲ၌ ဖိုးကေ (မြန်မာ/ဓဝရက်) နှင့် လာချီလိတ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သရေဖြစ်သွားသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင်ဦးက အလဲထိုးအနိုင်ရရှိသော ရွှေထွန်းယုံ (မြန်မာ/ဘိလပ်မြေ စက်ရုံ) အား ဆုတံဆိပ်ချီးမြှင့်ပြီး (ယာပုံ) ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်မောင်ထွန်းက ပူးတွဲသရေဖြစ်သွားသော ဖိုးကေ (မြန်မာ/ဓဝရက်)နှင့် လာချီလိတ်(ထိုင်း)တို့အား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ — တင်စိုး (မြန်မာ့အလင်း)

ကမ္ဘာ့မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမြားပစ်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၃

အီတလီနိုင်ငံ ဘိုရီနိုမြို့၌ ဇူလိုင် ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း ဦးဆောင်သော မြန်မာမြားပစ်အားကစားအဖွဲ့ အဖွဲ့ဝင်ရှစ်ဦးသည် ဇူလိုင် ၁ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာမြားပစ်အဖွဲ့အား အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)**

မြန်မာမြားပစ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူ/နည်းပြအဖြစ် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဦး(ဒုတိယရုံးအဖွဲ့မှူး)၊ အားကစားသမားများအဖြစ် ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အောင်မျိုးသူ၊ ရဲမင်းဆွေ၊ သင်းသင်းခိုင်နှင့် အောင်ငိုမ်းတို့ လိုက်ပါသွားကြပြီး မြန်မာမြားပစ်အားကစားအဖွဲ့သည် Compound ပြိုင်ပွဲနှင့် Recurve ပြိုင်ပွဲတို့တွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်နှင့် Mix Team ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

ဇူလိုင်လအတွက် မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၃

ဇွန် ၅ ရက်တွင် အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

၂၀၁၁ ခုနှစ် မိုးလယ်ကာလသည် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၁ ရက်မှ တော်သလင်းလဆန်း ၃ ရက်အထိ) ဖြစ်သည်။ ၂၀၁၁ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

မိုးရွာသွန်းနိုင်

မိုးအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေမှာ မိုးလယ်ကာလ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ဇလွန်မြို့တို့၌ တစ်ကြိမ်ခန့်စီ၊ ဟင်္သာတမြို့၌ နှစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့၌ နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့၌ နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့၌ တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

အားကောင်းနိုင်

ဇူလိုင်လအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မြစ်ရေအခြေအနေမှာ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီ မြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးတို့သို့ ရောက်ရှိနိုင်သည်။

ယခုကာလအတွင်း မုတ်သုံလေအခြေအနေနှင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေများနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်၊ သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။ ထူးခြားသော မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုပါက မိုးဇလဦးစီးဌာန၏ Website ဖြစ်သော www. moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက် ဖြေကြားစက်များ ဖြစ်သော ၄၁၁၂၅၂ နှင့် ၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာများနှင့် FM ရေဒီယိုများမှလည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာအုပ်များပေးအပ်

ပြည် ဇူလိုင် ၃

ပြည်ခရိုင် ပြည်မြို့နယ်တွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံးများရှိ ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်က အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်ကေသီမိုး ကန်ကြီးထောင့်မြို့ ကျွန်စစ်သားလမ်းသွယ်တွင် ကွန်ကရစ်ရေမြောင်း တည်ဆောက်ထားမှုကို ဇွန် ၂၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် တိုးချဲ့ကမ်းနားလမ်း ကျောက်ရိုးစီခြင်းလုပ်ငန်းကို ဇွန် ၂၆ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၉ ရက်က မြို့ဝင်ဆိုင်းဘုတ်တွင် ပေါင်းမြက်ရှင်းခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးငွေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် အမက (၃) ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့်တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် သူငွေးကုန်း-တောင်ခင်လမ်းပေါ်ရှိ သစ်သားတံတား ပြုပြင်ပြီးစီးမှုကို ဇွန် ၁၄ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

ဇလွန် ဇူလိုင် ၃

ဟသ်ာတခရိုင် ဇလွန်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ဆုရကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်းတို့က အမှာစကားပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်က ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ဝေဖြိုးအား ဆုများ ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ အောင်ချက်အကောင်းဆုံးကျောင်းများကိုယ်စား အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ဝေဖြိုးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဇလွန်မြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၆ ဦး၊ အောင်ချက် ၃၂ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးအဆင့်တွင် တတိယရရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၆ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးရဲတင့်က ကျောင်းသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

Basic Remote Sensing
နည်းပညာဆိုင်ရာသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃

Basic Remote Sensing System သင်တန်းကို ဇူလိုင် ၁၆၊ ၁၇နှင့် ၂၃၊ ၂၄ ရက်(စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း ၄ ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့ဆောင်ရွက်မည့် ဆောက်လုပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒေသမြေပုံများကို ဂြိုဟ်တုဓာတ်ပုံအခြေခံ၍ ရေးဆွဲနိုင်ကြမည်ဖြစ်ပြီး အင်ဂျင်နီယာလုပ်ငန်းများ၊ ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) အတွက်လိုအပ်သော remote sensing နည်းပညာများကို အချိန်တိုအတွင်းသင်ယူလေ့လာခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများမှဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ အတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသားကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း ၇ မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)



စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ထန်းတပင်၌ကျင်းပ

ထန်းတပင် ဇူလိုင် ၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအုပ်စု အနောက်ပိုင်း တက္ကသိုလ်လမ်းဘေးဝဲယာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင့်လွင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ အော်ရေးရှား၊ ယူကလစ်၊ ပိတောက်၊ စိန်ပန်း စသည့် သစ်ပင်ပျိုးပင်ပေါင်း ၁၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၈)

ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီးဘေး အုတ်ရေမြောင်းနှင့် ပလက်ဖောင်းပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဗိုင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၆)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၁၂ ရက်က ကျောက်တော်မြို့ အထက်တန်းကျောင်း၌ သန့်ရှင်းရေးနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သီဟ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြည့်မြင်တိုင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးစီမံချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီတို့ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ ဇွန် ၂၈ ရက်က အထက(၁)ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ ရှင်းလင်းကြစဉ်။ (ဝ၄၂)

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အုတ်တွင်းမြို့တွင် ဇွန် ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မဲကုန်းရပ်ကွက်၊ ဈေးရပ်ကွက်နှင့် ကြက်သွန်ခင်းရပ်ကွက်တို့တွင် လမ်းဘေးဝဲယာရေမြောင်းများ တူးဖော်ကြစဉ်။ (၃၁၆)

နတ်တလင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၃ ရက်က မြို့ပေါ်နှင့် ကျေးရွာအုပ်စု စာသင်ကျောင်း ၂၉ ကျောင်းတွင် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၃)ရပ်ကွက် ဆေးရုံအနောက်လမ်းနှင့် မီးစက်လမ်းတို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေယာဉ်လိုင်း နေ့စဉ်ပြေးဆွဲပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ နေ့စဉ်ပြေးဆွဲခုတ်မောင်းနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်လိုင်းများမှာ ဇွန် ၁ ရက်မှစပြီး တစ်ပတ်လျှင် သုံးရက်သာ ပြေးဆွဲခုတ်မောင်းကြသဖြင့် ခရီးသွားပြည်သူများ သွားလာမှုအခက်အခဲ ကြုံတွေ့နေရပါသောကြောင့် အဆိုပါ ရေယာဉ်လိုင်းများကို နေ့စဉ်ပုံမှန် ပြန်လည်ပြေးဆွဲခုတ်မောင်းပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက်နှင့် ကျိုက္ကဆံရပ်ကွက်နှစ်ခုကြားရှိ ရတနာလမ်း နေအိမ်များရှေ့ လမ်းမပေါ်၌ နံနက်ရော ညနေပါ စည်းကမ်းမဲ့ရောင်းချနေသည့်ဈေးသည်များ၏ စွန့်ပစ်အညစ်အကြေး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ပျက်စီးနေသောလမ်း ပြုပြင်ဆောင်ရွက်ပြီးဖြစ်

၁၀-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက် ကုန်သည်လမ်း မြောက်ပိုင်းရှိ လမ်းများပျက်စီးနေသည်ကိုပြုပြင်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

လှိုက်လှဲစွာမေတ္တာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားနေ့တွင် ၂၀၁၁ ပြည့်နှစ်အတွက် ထူးချွန် အမျိုးသမီးကြက်ခြေနီ အဖြစ် ရွေးချယ်ခံရသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမျိုးသမီးတပ်ဖွဲ့မှူး ကျောင်းကြက်ခြေနီတာဝန်ခံ ဒေါက်တာဒေါ်ခင်ဆန်းနွယ် အား ရွေးချယ်ခံရသည့်အတွက် ဦးအောင်သိန်းလင်းနှင့် မကြီးတို့၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူ ပီတိဖြစ်ရပါကြောင်း။

တန်ဆောင်ကြီးသာသာဝဉ်ချောင်
မွေတောင်ကုန်းကျွန်းမာရေးမိသားစု
ရန်ကုန်မြို့

ရှေးဟောင်းဘုရားပြုပြင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ရန်ကုန်တိုင်းဒေသကြီးနှင့် တောင်ပိုင်းခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသင်းများ တွေ့ဆုံပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်ခင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးနှင့် မြို့နယ်များမှ သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီးနောက် မကွေးမြို့ ဆားစည်ရပ် ရှေးဟောင်း ဘုရားပြုပြင်နိုင်ရန်အတွက် အလှူငွေ ကျပ် ၁၀သိန်းကို ခရိုင်သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌဦးသိန်းဇော်လေးက ပေးအပ်လှူဒါန်းရာ ခရိုင်သာသနာရေးမှူး ဦးညဏ်ဌေးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ) (၀၄၉)**

အလေး၊ ချိန်ခွင် မှန်ကန်ရေး သီပေါ၌ ကွင်းဆင်းဆောင်ရွက်

သီပေါ ဇူလိုင် ၃

သီပေါမြို့နယ် မြို့မဈေးကြီးတွင် ဈေးသည်များ ရောင်းချလျက်ရှိသော အသားဆိုင်များ အလေးချိန်မှန်ကန်မှု ရှိစေရေး၊ အသားများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့အတွက် ဇွန် ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် ဝန်ထမ်းများကွင်းဆင်းစစ်ဆေးခဲ့ပြီး အလေး၊ ချိန်ခွင်၊ အခြင်အတွယ် မှန်ကန်ရေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါက်တာလွင်ဦး
(မှူခင်းဆရာဝန်ကြီး၊ လားရှိုးဆေးရုံကြီး)-ဒေါ်ခင်မာစိုးနွယ်(မာမာ)တို့၏သား

မောင်ကျော်ခေါင်
B.Sc (Chemistry) D.S.A

(မြို့နယ်အုပ်ချုပ်ရေးမှူး၊ သရက်ချောင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊တနင်္သာရီတိုင်းဒေသကြီး
နှင့်
တောင်ငူမြို့၊ နဂါးရုံဘုရားလမ်းနေ
ဦးမိုးကျော် (အလယ်တန်းပြ၊ အထက-၆၊ တောင်ငူ)-ဒေါ်ခင်အုန်းမြင့်တို့၏
သမီး

ဒေါက်တာခိုင်မီမီဇင်
(M.B., B.S-Mgy)

တို့သည် ၃-၇-၂၀၁၁ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ခေါင်-ဒေါက်တာခိုင်မီမီဇင်

လောင်းကစားကင်းစင်ရေး ပညာပေးဟောပြော

ကလော ဇူလိုင် ၃

ကလောမြို့နယ်အတွင်း လောင်းကစားကင်းစင်ပပျောက်ရေး ပညာပေးဟောပြောပွဲကို မြို့နယ်ခန်းမတွင် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလွင်လွင်ဦးက လောင်းကစားကင်းစင်ပပျောက်ရေး စီမံချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်တရားသူကြီး ဦးကျော်ဝင်းစိန်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်နီနီဝင်းတို့က လောင်းကစား ဥပဒေနှင့် သိမှတ်ဖွယ်ရာ ဗဟုသုတများပညာပေးဟောပြောကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခင်စုဝေဖြူ(ခ)စုငယ်လေး အတွက် (၂၃)နှစ်မြောက် မွေးနေ့ဆုတောင်း

ခင်စုဝေဖြူ(ခ)စုငယ်လေး ၏ ၄-၇-၂၀၁၁ရက်မှာ ကျရောက်သော "၂၃"နှစ်မြောက် မွေးနေ့မှသည် မွေးနေ့၊ မွေးရက် ထပ်တူထပ်မျှ ဖြစ်သကဲ့သို့ ဘဝတစ်လျှောက်လုံး ဆန္ဒနှင့်ဘဝ ထပ်တူကျသော အနာဂတ်တစ်ခုကို ပိုင်ဆိုင်နိုင်ပါစေ-

စုငယ်လေးရဲ့---ကို

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၃)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၃

ဒို့ကျေးရွာဂျာနယ် အတွဲ (၈)၊ အမှတ် (၁၃)ကို ဇူလိုင် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ်၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သွေးသည် အသက်

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ ကလစ်ချ်ကို အမှတ်ဖြင့်အနိုင်ရ

ဟမ်းဘတ် ဇူလိုင် ၃

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ဇူလိုင် ၂ ရက်က ကျင်းပရာ ယူကရိန်းလက်ဝှေ့သမား ဝါဒီမီယာကလစ်ချ်ကိုက စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဒေးဗစ်ဟေးအား အမှတ်ဖြင့်နိုင်ပြီး ဒဗလျူဘီအေ ချန်ပီယံခါးပတ်ကို ပြန်လည်ထိန်းထားနိုင်ခဲ့သည်။

ယင်းတို့နှစ်ဦးသည် သူနိုင်ကိုယ်နိုင်အကြိတ်အနယ်ဖြင့် ၁၂ချီတိုင်အောင် ရေကုန်ရေခန်း ထိုးသတ်ခဲ့ရသည်။ သို့သော်လည်း ယူကရိန်းလက်ဝှေ့သမား ကလစ်ချ်ကို **(အပေါ်ပုံ)**က အသာစီးဖြင့်ထိုးနိုင်ခဲ့၍ ဒိုင်လူကြီးသုံးဦးစလုံးက အနိုင်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ပြိုင်ပွဲတွင် ဒိုင်လူကြီးများက ကလစ်ချ်ကိုအား ၁၁၇-၁၀၉၊ ၁၁၈-၁၀၉ နှင့် ၁၁၆-၁၁၀ မှတ်တို့ဖြင့် အနိုင်ပေးလိုက်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ချက်တင်းနစ်မယ် ကေဗီတိုဗာ ဝင်ဘယ်ဒန်ဖလားဆွတ်ခူး

လန်ဒန် ဇူလိုင် ၃

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အောအင်္ဂလန်ကလပ် အားကစားကွင်းကြီး၌ ဇွန် ၂၆ ရက်မှ ဇူလိုင် ၃ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့သည့် ဝင်ဘယ်ဒန်အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား ချက်သမ္မတနိုင်ငံမှ လူငယ်တင်းနစ်မယ် ပီထရာကေဗီတိုဗာက အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးသွားပြီ ဖြစ်သည်။ **(ဝဲပုံ)**

အသက် ၂၁ နှစ်အရွယ်သာရှိသေးသည့် ချက်တင်းနစ်မယ် ကေဗီတိုဗာသည် ရှာရာပိုဗာအား ၆-၃၊ ၆-၄ ဖြင့် နှစ်ပွဲပြတ် ကစားပြီး ချန်ပီယံဆုကို ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

ချက်တင်းနစ်မယ်

၂၀၀၄ ခုနှစ်တွင် ဝင်ဘယ်ဒန်ချန်ပီယံဖြစ်ခဲ့သည့် ရှာရာပိုဗာသည် ပြိုင်ပွဲတွင် အကြိတ်အနယ်ကစားခဲ့သော်လည်း ချက်တင်းနစ်မယ်၏ ရိုက်ချက်များကို ပြန်လည်မတုံ့ပြန်နိုင်သဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ချက်တင်းနစ်မယ် ကေဗီတိုဗာသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း ဝင်ဘယ်ဒန်ဖလားကို ဆွတ်ခူးနိုင်သည့် ပထမဆုံး ချက်တင်းနစ်မယ်ဖြစ်လာသည်။ **(အင်တာနက်)**

ချစ်ကံခေလွန်းသူ ဂျိုဟန်ဆင်၏ ဘဝပုံရိပ်

မောင်မောင်မြင့်ဆွေ-စုစည်းသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃

ဟောလိဝုဒ်၌ အသက်ငယ်ငယ်နှင့် အောင်မြင်မှုရရှိနေသော်လည်း အချစ်ရေးတွင် ကံမကောင်းသူရုပ်ရှင်မင်းသမီးမှာ စကာလက်ဂျိုဟန်ဆင်ပင် ဖြစ်သည်။ ကြိုးစားဖွဲ့ရှိမှုများကြောင့် ဟောလိဝုဒ်တွင် ရုပ်ရှင်ကား အများအပြား၌ ပါဝင်သရုပ်ဆောင် နေရသူတစ်ဦးလည်း ဖြစ်သည်။

*အသက် ၂၅နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး စကာလက်ဂျိုဟန်ဆင် **(ယာပုံ)**သည် အသက်၁၀နှစ်အရွယ်မှစတင်ကာ North ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ထို့နောက် Guys and Dolls ဇာတ်ကားနှင့် Under Milk Wood ဇာတ်ကားတို့တွင် ပရိသတ်များအားပေးခြင်းခံခဲ့ရပြီး အောင်မြင်မှုစတင်ရရှိခဲ့သူဖြစ်သည်။ ထို့နောက် Iron Man 2 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ရာမှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးဖြစ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် Anywhere Lay My Head တေးအယ်လ်ဘမ်ကို ပထမဆုံးထုတ်လုပ်ခဲ့ရာ ပရိသတ်များလက်ခံခဲ့သည်။ တစ်ဖန် Break Up တေးအယ်လ်ဘမ်ကို ဆက်တိုက်ထုတ်လုပ်ဖြန့်ချိရာတွင်လည်း အောင်မြင်မှုရရှိခဲ့သည်။*

မွေးဖွားလာ

ရုပ်ရှင်မင်းသမီး ဂျိုဟန်ဆင်၏ဖခင်မှာ ဒိန်းမတ်နိုင်ငံသားဖြစ်ပြီး ဗိသုကာပညာရှင်တစ်ဦး ဖြစ်သည်။ မိခင်ဖြစ်သူ မီလိန်းစလွန်မှာ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်ပြီး အဘိုးဖြစ်သူ အီဂျနာဂျွန်ဟန်ဆင်မှာ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်ရာ ရုပ်ရှင်မင်းသမီး ဂျိုဟန်ဆင်မှာ အနုပညာမျိုးရိုးမှ မွေးဖွားလာသူဖြစ်သည်။ အစ်ကိုဖြစ်သူ ဟာနီဆာမှာလည်း ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည်။

ရုပ်ရှင်မင်းသမီး ဂျိုဟန်ဆင်၏ သရုပ်ဆောင်ကောင်းမှုကြောင့် ၁၉၉၆ ခုနှစ်က Independent Spirit Award of Best Lead Female ဆု ရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Chicago Film Critics Association Award ဆုရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်၌ Toronto Film Critics Association Award for Best Supporting Actress ဆုရရှိခဲ့သည်။

ကွာရှင်းပြတ်စဲ

*ရုပ်ရှင်မင်းသမီး ဂျိုဟန်ဆင်သည် ချမ်းသာကြွယ်ဝသူများဖြစ်သော ဂျရက်လီနှင့် ဂျက်စတင်း တမ်ဘာလိတ်တို့နှင့် တွဲခဲ့သော်လည်း လက်မထပ်ဖြစ်ခဲ့ချေ။ ထို့အတူ ရုပ်ရှင်မင်းသား ဂျို့ဟက်နက်နှင့် နှစ်နှစ်ခန့်တွဲခဲ့ပြီးနောက် လမ်းခွဲခဲ့ရပြန်သည်။ထို့နောက် ကနေဒါရုပ်ရှင်မင်းသားရေနိုးနှင့်တွဲခဲ့ပြီး ၂၀၀၈ခုနှစ်ကလက်ထပ်ခဲ့သော်လည်း ၂၀၁၀ခုနှစ်၌ ကွာရှင်းပြတ်စဲခဲ့ကြသည်။ မကြာမီက အမေရိကန်ရုပ်ရှင်မင်းသားရှောင်ပင်းနှင့် တွဲပြီးနောက် လမ်းခွဲရပြန်ပါကြောင်း. . .။ ။ **(အင်တာနက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပေါင်းစည်းလယ်ယာစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းကို ပူးတွဲပညာပေးမြှင့်တင်

လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းများ ဘက်စုံအကျိုးရှိအောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မွေးမြူရေးနှင့် သားငါးကုန်ထုတ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်ဆွေးနွေးမှာကြားသည်။

ပူးတွဲဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ၌ ကျေးလက်ပြည်သူအများစုသည် လယ်ယာလုပ်ကိုင်ရင်း တစ်ဖက်တွင် ဝင်ငွေရ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်နေကြသူများဖြစ်သည့်အားလျော်စွာ စနစ်တကျ စီးပွားဖြစ်အောင် တိုးတက်မွေးမြူလာနိုင်ရေး၊ ပေါင်းစည်းလယ်ယာစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းကို ပူးတွဲပညာပေး မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လယ်ယာလုပ်ငန်းရော မွေးမြူရေးလုပ်ငန်းပါ ဘက်စုံအကျိုးရှိအောင် ဆောင်ရွက်ရေး၊ ရေချို ရေငန် ငါးလုပ်ငန်း လုပ်ကိုင်သောရွာများ၊ ကြက်၊ ဘဲ ၊ ဝက် ၊ နွား ရွာလုံးကျွတ်လုပ်ကိုင်သည့် အခြေအနေရှိသော ရွာများ၌ တစ်ရွာ ထွက်ကုန်တစ်မျိုး၊ အစုအဖွဲ့များ ဖွဲ့စည်းပြီး နည်းပညာနှင့် အရင်းအနှီးပံ့ပိုးဆောင်ရွက်ရေး၊ တိုးချဲ့မွေးမြူရေး ဆောင်ရွက်ရာတွင် ဈေးကွက်ဝယ်လိုအား အရေးပါသဖြင့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရေး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးကို ရှေ့ဆောင်ကူညီပံ့ပိုးနိုင်မည့် ကုမ္ပဏီလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ၏ ဆန္ဒဖြင့် ပူးပေါင်းလုပ်ကိုင်လိုသူများဖြင့် ဖွဲ့စည်းရေး မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မွေးမြူရေးနှင့် သား/ငါး ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဦးစီးဌာနမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၃-၇-၂၀၁၁)

ချောင်းဆုံမြို့	၃ ဒသမ ၈၆ လက်မ	ခန္တီးမြို့	၃ ဒသမ ၃၁ လက်မ
ကျိုက္ခမီမြို့	၃ ဒသမ ၅၀ လက်မ	ဒွေမြို့	၂ ဒသမ ၉၁ လက်မ
သထုံမြို့	၃ ဒသမ ၄၂ လက်မ	ကျိုက်မရောမြို့	၂ ဒသမ ၈၃ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၇၉ လက်မ		

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ရွှေထွန်းယုံ အလဲထိုး အနိုင်ရ၊ ဖိုးကေသရေကျ။ (စာ-၁၀)

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ ပြိုင်ပွဲ ကလစ်ချ်ကို အမှတ်ဖြင့် အနိုင်ရ။ (စာ-၁၂)



ချက်တင်းနစ်မယ် ကေဗီတိုဗာ ဝင်ဘယ်ဒန်ဖလား ဆွတ်ခူး။ (စာ-၁၂)

ချစ်ကံခေလွန်းသူ ဂျို ဟန်ဆင်၏ ဘဝပုံရိပ်။ (စာ-၁၂)